## တစ်ခု-နှစ်ခုသာ။

နေ့ညမနား၊ ကာယအားဖြင့်
ပျားပန်းခတ်မျှ၊ စိတ်ဆန္ဒဖြင့်
ဘဝနေမှု၊ ကျင်လည်ပြုလည်း
စုနိုင်သည်မှာ၊ တစ်ခု-နှစ်ခုသာ။

ငယ်စဉ်မှစ၊ ကြီးရင့်စွထိ
သိပ္ပပညာ၊ ဆည်းပူးဖြာ၍
ရင်မှာပုံ့နှံ၊ တတ်စွမ်းဖြိုးလည်း
အကျိုးပြုနိုင်သည်မှာ တစ်ခု-နှစ်ခုသာ။

စည်းစိမ်ဥစ္စာ၊ ရတနာနှင့်
ပညာတွေတတ်၊ ဂုဏ်ရည်ထပ်၍
လွှမ်းပတ်ကြိုးစား၊ စိတ်တံခါး၌
လှုပ်ရှားသက်သွင်း၊ စားရခြင်းကား
ထမင်းတစ်လုတ် ဟင်းတစ်လုတ်သာ။ ။

## သိုးတစ်အုပ်ရဲ့ မှာတမ်း

ရယူခြင်းကို
အပူတပြင်း လိုနေသောသင်။

ခူးဆွတ်ခြင်းအတွက်
ဒူးညွတ်စင်းလျက် ယူမယ့်သင်။

ပိုင်ဆိုင်ခြင်းအတွက်
ပြိုင်ဆိုင်ခွင်း၍ ယူမယ့်သင်။

သိုးတစ်အုပ်က
မိုးမချုပ်ခင်
တလှုပ်လှုပ်နှင့် လာပါပြီ။

ထက်မြက်တဲ့ သင့်ဓားကို
ဝင့်ကြွားစွာ ကောင်းကောင်းခံရင်း
တောင်းပန်ချင်တာက
သင်ဟာ သစ္စာရှိသူ ဖြစ်ပါစေ။ ။